ပင်လယ်ပြင်တွေကို အပန်းဖြေခရီးထွက်ကြတဲ့အခါမှာ ကလေးငယ်တွေက ကမ်းစပ်မှာ အပန်းဖြေ ဆော့ကစားကြသလို၊ အရွယ်ရောက်ပြီးသူများကတော့ ကမ်းစပ်နဲ့ခပ်ဝေးဝေးမှာ၊ လူကြီး ရေကူးတတ်သူများကတော့ ကမ်းစပ်နဲ့အဝေးဆုံး ရေနက်ရာတွေမှာ သွားရောက် ဆော့ကစားလေ့ရှိကြပါတယ်၊ အဲဒီလိုပါပဲ- **"လှရတနာ စွယ်တော်ဝတ်ရွတ်စဉ်"**ဟာလည်း အသက်အရွယ်အလိုက်၊ မိမိတို့ဉာဏ် အနုအရင့်အလိုက် အခန်းကဏ္ဍများခွဲခြားပြီး လေ့လာမှတ်သား နိုင်ကြပါတယ်။

**အခန်း(၁)။** ။သီလဆောက်တည်ခန်းမှာတော့ပါနေကျ သီလ ဆောက်တည် နည်းများအပြင် လူပျိုစင်၊ အပျိုစင်တို့ သီလဆောက်တည်နည်း၊ ဧကဘတ္တိက သီလဆောက်တည်နည်း၊ အသက်မွေးဝမ်းကြောင်းစင်ကြယ်မှု သီလ ဆောက်တည်နည်း-အစရှိတဲ့ သီလနှင့်စပ်သောအချက်အလက်များ အပြည့်အစုံ ပါဝင်ပါတယ်။

**အခန်း(၂)။** ။ဘုရားအနေကဇာတင်ခန်း၌ မိမိတို့အိမ်ရှိ ဘုရားဆင်းတု ရုပ်ပွားတို့ကို သံဃာတော်အရှင်မြတ်တို့ အနေကဇာတင်ပြီးသောအခါ လူပုဂ္ဂိုလ်များလည်း အနေကဇာတင်ရွတ်ဖတ်ပူဇော်နိုင်ပေသည်။ **"အနေကဇာတင်"**ဟူသည် ဘုရားဟောမုခပါဠိ ပါဠိတော်များကို ရွတ်ဖတ်ပူဇော်ခြင်းပင် ဖြစ်ရာ (ဘုရားဟောမင်္ဂလသုတ်၊ မေတ္တသုတ်၊ ဓမ္မစကြာ-စသောပါဠိတော်တွေကိုပင် ရွတ်ဖတ်ပူဇော်နေကြသော) လူပုဂ္ဂိုလ်များလည်း ဘုရားဟောပါဠိများကို ရွတ်ဖတ်လျက် အနေကဇာတင်ကောင်းသည်သာ ဖြစ်၏၊ တချို့က လူပုဂ္ဂိုလ်တွေ အနေကဇာမတင်ကောင်း-ဟူ၍ အမှတ်မှားကြသည်၊ သို့သော် ပထမအကြိမ်အနေကဇာတင်ရာ၌မူ လူသားပုဂ္ဂိုလ်တွေထက် သီလစင်ကြယ်တော်မူကြသော ရဟန်းသံဃာတော်တို့ဖြင့် အနေကဇာတင် ပူဇော်ရပါမည်။



## မြန်မာပြည်မှ စွယ်တော်စေတီများ

**အခန်း(၃)။** ။ဒီအခန်းကဏ္ဍကတော့ ဒီစာအုပ်ရဲ့ အဓိကကျတဲ့ အခန်းပဲ ဖြစ်ပါတယ်၊ ဒီအခန်း(၃)မှာတော့ အခြားခြားသော ဝတ်ရွတ်စဉ် စာအုပ်တွေမှာ မပါရှိတဲ့ စွယ်တော်,ဓာတ်တော်ဆိုင်ရာ ဘုရားရှိခိုးများကို ဂုဏ်တော်ကို ပုံပေါ်သည်အထိ ပူဇော်ကန်တော့နိုင်ဖို့ ကျမ်းဂန်တတ် ဆရာတော်ကြီးများရဲ့ ဘုရားရှိခိုးအမျိုးမျိုးတို့ကို ကြိုးစားရှာဖွေ တင်ပြထားပါတယ်၊ မြန်မာနိုင်ငံ-ရန်ကုန်၊ မန္တလေးမြို့များတွင်ရှိသော စွယ်တော်စေတီများ၊ ပုဂံမြို့အနီးတဝိုက်မှ ရှေးစည်းခုံစသော လေးဆူသော စွယ်တော်စေတီများ၊ ပေါင်းတည်၊ အုတ်ဖို၊ ပြည်၊ သရက်မြို့-စသည်တို့မှာလည်း စွယ်တော်စေတီများ အထင်ကရ တည်ရှိနေကြပါတယ်၊ ထိုထိုသို့သော မြို့ကြီးများမှ ရှိနေကြတဲ့ စွယ်တော်စေတီများကို ပူဇော်ရာမှာ အဲ့ဒီ စွယ်တော်, ဓာတ်တော်များရဲ့ဂုဏ်ကို အာရုံမှာ ထင်လာအောင် ပူဇော်ကန်တော့နိုင်ဖို့ ဒီအခန်း(၃)က တာဝန်ယူပါလိမ့်မည်။

### ဘုရားရှိခိုးအမျိုးမျိုး

ဒါတွင်မက ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ ဆိုင်ရာဘုရားရှိခိုးများ၊ ဘုရားရှင်အားလုံးနှင့်သက်ဆိုင်သော ဗုဒ္ဓပူဇနီယ ဘုရားရှိခိုး၊ တစ်ဂါထာတည်းနဲ့ ဘုရားဂုဏ်တော်အားလုံး သိမ်းကျုံးပါဝင်သော (ဇိနာလင်္ကာရကျမ်းလာ)သဗ္ဗဗုဒ္ဓဂုဏသင်္ဂါဟိကဂါထာဘုရားရှိခိုး၊ ကိစ္စမျိုးစုံတို့ကို ပြီးစီးအောင်မြင်နိုင်သော သိဒ္ဓမင်္ဂလာဘုရားရှိခိုး၊ တန်းခိုးထက်မြက်သော မဟာဝဇိရဉာဏ်တော်ဘုရားရှိခိုး၊ လူသာမန်တို့မတွေးခေါ် မကြံစည် နိုင်လောက်အောင် အကျိုးပေးထက်သန်သော အစိန္တေယဂါထာ ဘုရားရှိခိုး၊ ရဟန္တာအရှင်မြတ်ကြီးတို့ကိုယ်တိုင် မြတ်ဗုဒ္ဓကို ရှိခိုးကန်တော့ပုံပြ နာဂဝန္ဒနာ၊ ဘုရားရှင်ရှေ့လက်ထက်တော်က မြတ်ဗုဒ္ဓကို ရှေ့တော်မှောက်မှာပင် အကြိမ်ကြိမ်



ရွတ်ဆိုရှိခိုးခဲ့ကြသော အင်္ဂီရသဝန္ဒနာ၊ ရတနာသုံးပါးလုံးကို ပေါင်းစု၍ ရှိခိုးကန်တော့ပုံ၊ လျှုဒါန်းမှု ပင့်ဖိတ်မှု ဆုတောင်းမှုတို့ပါဝင်သော ရတနတ္တယ ဂုဏာနုဘာဝသံသူစက ဘုရားရှိခိုးတော်ကြီး-အစရှိသဖြင့် ရတနာသုံးပါးနှင့် စပ်ဆိုင်သော အကြောင်းအရာများစွာတို့နဲ့ ဂုဏ်တော်ကို ပုံပေါ်အောင် ကြိုးစား အားထုတ်တင်ပြထားပါတယ်။

**အခန်း(၄)။** ။ ဒီအခန်းကတော့ ရတနာသုံးပါးကို လျှုဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လျှုဒါန်းမှုဆိုင်ရာများကို တင်ပြထားပါတယ်။

**အခန်း(၅)။** ။ ဒီအခန်းကတော့ မေတ္တာဘာဝနာပွားများခန်း ဖြစ်ပါတယ်၊ မေတ္တာဘာဝနာပွားများရာတွင် ထားရှိရမယ့် စိတ်နေစိတ်ထား၊ မေတ္တာသုတ်လာ မေတ္တာပွားများနည်း၊ အရပ်(၁၀)မျက်နှာ မေတ္တာပို့နည်း၊ ခန္ဓသုတ်လာ မေတ္တာပွားများနည်း၊ အလုံးစုံတို့နှင့် ဆက်စပ်ယှက်နွယ်သော မေတ္တာ ပွားများနည်း၊ အကြည်ဓာတ်(၆)ပါး မေတ္တာပွားများနည်း၊ တိုင်းတစ်ပါးသို့ ဖြစ်စေ၊ ပြည်တွင်း အခြားမြို့ရွာ ရပ်ကွက်၊ အိမ်၊ ကျောင်းတစ်ခုခုသို့ ဖြစ်စေ၊ သွားကြမည်ဆိုပါက ခရီးသွားမေတ္တာပွားများနည်း-အစရှိတဲ့ မေတ္တာပွားပုံ နည်းမျိုးစုံကို ရွေးထုတ်တင်ပြထားတဲ့ ဒီအခန်းကဏ္ဍကလည်း ဖတ်ကြည့်ရုံမျှနဲ့ စိတ်အစဉ်ကြည်လင်အေးချမ်းသွားစေနိုင်လောက်ပါတယ်။

**အခန်း(၆)။** ။ ဒီအခန်းကတော့ ဆုတောင်းအမျှဝေခန်း ဖြစ်ပါတယ်၊ ဘုရားရှိခိုးခြင်း၊ ဝတ်ရွတ်စဉ်နဲ့ ပူဇော်ခြင်းပြုလုပ်သူတို့မှာ ရရှိနိုင်တဲ့ အကျိုးတရားများ၊ မိမိရရှိထားသော ကုသိုလ်ကောင်းမှုကို အမျှဝေပေးလိုက်တာကြောင့် ထက်ဆင့်ရရှိနိုင်သော အကျိုးဆက်များ၊ နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်အောင် ဆုတောင်းပုံ အမျှဝေပုံ၊ မေတ္တာဓာတ် ခံယူပုံများ၊ ပိဋကတ်ကျမ်းလာ အဖြာဖြာတို့မှ ရှာဖွေထုတ်နှုတ်တင်ပြ ထားပါတယ်။



**အခန်း(၇)။** ။ ဒီအခန်းကတော့ ပရိတ်ကြီး(၁၁)သုတ် ပါဠိတော်များကို တွေ့ကြရမှာဖြစ်ပါတယ်၊ ပရိတ်တော်မရွတ်ဖတ်မီ နတ်, ဗြဟ္မာတို့အား တရားနာဖိတ်ကြားရာတွင် တောင်တန်းသာသနာပြုဆရာတော်ကြီးရဲ့ နတ်ပင့်ကို မူထားပြီး စာပေကျမ်းဂန်တို့၌လာရှိသော တရားနာဝါသနာပါကြတဲ့ နတ်, ဗြဟ္မာများကို ရှာဖွေတင်ပြထားပါတယ်။

### နတ်တွေချစ်၍ သာဓုခေါ်သော သုတ္တန်၊ ဂါထာများ

**အခန်း(၈)။** ။ ဒီအခန်းကတော့ အကျိုးလည်းရှိ သက်ရောက်မှု တန်ဖိုးလည်း ကြီးမားတဲ့ ပါဠိတော်များကို တွေ့ရပါတယ်၊ အခြားသောဝတ်ရွတ်စဉ်တို့၌ ပါရှိသော သုတ္တန်များ၊ အဘိဓမ္မာပါဠိတော်များအပြင် နတ်, ဗြဟ္မာတို့ အထူးနှစ်သက် သဘောကျသော သမစိတ္တာသုတ်၊ ကျန်းမာရေးအတွက် အထူး အစွမ်းထက်လှသော ဂိရိမာနန္ဒသုတ်၊ တိပိဋကဓရ မင်းကွန်း ဆရာတော်ကြီး စီစဉ်သော ဇောဋ္ဌင်သုံးမျိုး ပရိတ်တော်၊ နတ်တို့ရဲ့ချစ်ခင် နှစ်သက်ခြင်းကို ခံရပြီး နတ်တို့သာဓုခေါ်သောဂါထာ၊ ပွင့်တော်မူကြပြီးသော ဘုရားရှင်တိုင်း ရွတ်ဆိုတော်မူကြတဲ့ ဩဝါဒပါတိမောက်ဂါထာ-အစရှိတဲ့ ဂါထာပါဠိတွေ များထဲက မိမိတို့သဘောတွေ့ရာကို ရွေးချယ်ရွတ်ဆိုပူဇော်နိုင်ကြပါတယ်။

### ပန်းမျိုးစုံသော ပန်းစု ပန်းပုံကြီး

**အခန်း(၉)။** ။ အခန်း(၉)သည်ကား အန္တရာယ်ကင်းအဆောင် ဂါထာများ ဖြစ်သည်၊ ဤအခန်း၌ အထူးမိတ်ဆက် ပေးစရာမလိုပါချေ၊ ပန်းပွင့်မျိုးစုံ ပါဝင်သော ပန်းပုံကြီးထဲမှ မိမိတို့ကြိုက်နှစ်ရာပန်းပွင့်တို့ကိုယူပြီး သီကုံးပန် ဆင်နိုင်သလို မိမိတို့ကြိုက်နှစ်သက်ရာ အဆောင်ဂါထာတို့ကို ရွတ်ဖတ် ပူဇော်နိုင်ပါသည်၊ ကျက်သရေ မင်္ဂလာရှိချင်ပါသလား ဘေးရန်အန္တရာယ် ကင်းလိုပါသလား၊ မိမိတို့ ခဲရာခဲဆစ်ရှာဖွေထားရသော ပစ္စည်းဥစ္စာတို့ ဘေးရန်အန္တရာယ်ကြောင့် မပျောက်မပျက်လိုပါသလား၊ ခရီးသွာလျှင် အန္တရာယ်



ကင်းလိုပါသလား၊ တစ္ဆေသရဲပယောဂဘေးရန်တို့မှ ကင်းဝေလိုပါသလား၊ အချုပ်အနှောင်အဖွဲ့တို့မှ လွတ်မြောက်လိုပါသလား၊ မဲကောင်း ကောင်း(ထီ)ပေါက်စေလိုပါသလား၊ မထိတ်လန့်မကြောက်ရွံ့ရဘဲ အသက် ရှည်စေလိုပါသလား-စသည်ဖြင့် မိမိတို့ ကြိုက်ရာ,ကြိုက်ရာ ကျက်မှတ် ရွတ်ဆိုပူဇော်နိုင်ပါသည်။

**အခန်း(၁၀)။** ။ ဒီအခန်းကတော့ စတုရာရက္ခသမထဘာဝနာပွားများခန်း ဖြစ်ပါတယ်၊ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာဘာဝနာအလုပ် အားထုတ် နေကြတဲ့ ပုဂ္ဂိုလ်အားလုံးတို့အနေနဲ့ အထောက်အပံ့ကောင်းဖြစ်စေနိုင်ဖို့ ဒီစတုရာရက္ခဘာဝနာကို ပွားများထားသင့်ပါတယ်၊ စတုရာရက္ခဘာဝနာလို့ ခေါ်တဲ့ သမထဘာဝနာလေးမျိုးကို နေ့စဉ်ပွားများထားပါက အကုသိုလ်စိတ်များ ဖြစ်ခွင့်နည်းပါးသွားပြီး စိတ်အစဉ်များ ဖြူစင်သန့်ရှင်း လာစေနိုင်ပါတယ်၊ သံဝေဂဉာဏ်ရင့်သန်ခြင်းရဲ့ အခြေခံအကြောင်းရင်းလည်းဖြစ်တဲ့ ဒီစတုရက္ခဘာဝနာကို ဒုက္ခအပေါင်းကကင်းလွတ်နိဗ္ဗာန်ကို စိတ်ညွတ်သူတိုင်း ပွားများ အားထုတ်ထားဖို့ လိုအပ်ပါတယ်။

**အခန်း(၁၁)။** ။ နောက်ဆုံးပိတ် အိပ်နဲ့လွယ်ဆိုတဲ့အတိုင်း ဗုဒ္ဓဘာသာဝင် တို့ရဲ့ အန္တိမပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်စေနိုင်တဲ့ ဝိပဿနာဘာဝနာ သစ္စာလေးပါး ပွားများခန်းဖြစ်ပါတယ်၊ ရှေ့ပိုင်း(၁၀)ခန်းမှာ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်တို့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်၊ ဒီအခန်းကဏ္ဍမှာတော့ ကုသိုလ်အားလုံးတို့တွင်အမြတ်ဆုံး ကုသိုလ်ဖြစ်တဲ့ ဝိပဿနာဘာဝနာပွားများနည်းတို့ကို ဝိဇယသုတ္တန်နည်း၊ အနတ္တလက္ခဏာ သုတ္တန်နည်း၊ ဗာတိယသုတ္တန်နည်း၊ စူဠရာဟုလောဝါဒ သုတ္တန်နည်း-စသည်ဖြင့် နည်းပေါင်းစုံလင်စွာ စီစဉ်တင်ပြထားတာကို တွေ့ရပါတယ်။